ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် လောလောဆယ် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ(၁၁)ဦးနှင့် ဝန်ထမ်း(၄)ဦး အမြန်ဆုံးခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အထက်တန်းပြ ရာထူးတိုး/ အပြောင်းအရွှေ့များ ဆောင်ရွက်သည့်အချိန်တွင် ဆရာ၊ ကျောင်းသား အချိုး အပိုအလိုအရ ဆန္ဒပြုဒေသနှင့်ကိုက်ညီပြီး ဘာသာရပ်လိုအပ်ချက်အပေါ်မူတည်၍ စိစစ်ဖြည့်ဆည်းခန့်ထားပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်း/ရုံး ဝန်ထမ်းလစ်လပ် ရာထူးနေရာများတွင် ဆန္ဒပြုဒေသနှင့်ကိုက်ညီပြီး ရာထူးတိုး/အပြောင်းအရွှေ့ တန်းစီဇယားရမှတ် အများ/အနည်းအရ စိစစ်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ဆရာနှင့်ကျောင်းသားအချိုးအရ ဆရာခန့်ထားမှုသည် လုံလောက်မှုရှိသဖြင့် ပညာရေးကောလိပ်အသစ် (၁)ခု ထပ်မံတိုးချဲ့ဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေမှာ လုံလောက်မှုရှိနေခြင်း၊ စိုက်ပျိုးရေးသိပ္ပံများကို ကောလိပ်အဖြစ်အဆင့်မြှင့်တင်ဖွင့်လှစ်ရန် ပိုမိုသင့်လျော်မည်ဖြစ်ခြင်း၊ စိုက်ပျိုးရေးသိပ္ပံများမှ အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးရာ

တွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသူများကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ဟသ်ာတမြို့တွင် စိုက်ပျိုးရေးသိပ္ပံကျောင်းသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖြေကြားချက်အား ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က သတ်မှတ်မှုနှင့်ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် အမှုတွဲတင်ပြလျှောက်ထားစေပြီး သတ်မှတ်မှုနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မှောင်ကွန်(၂)ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က သတ်မှတ်မှုနှင့်ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် အမှုတွဲတင်ပြလျှောက်ထားစေပြီး သတ်မှတ်မှုနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်သင်ကြားနေရသော စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က စီကန်လိုက်၊ လိုင်ကင်း၊ ရောင်ပလျှက်၊ ပြန်လန်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတို့သည် သတ်မှတ်မှုနှင့်ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် အမှုတွဲတင်ပြလျှောက်ထားစေပြီး သတ်မှတ်မှုနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ သစ်ပုတ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က သတ်မှတ်မှုနှင့်ကိုက်ညီမှုမရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးကြောင်း၊

အထက်တန်းပညာရပ်များကိုလည်း သင်ယူခွင့်ရရှိနေသည့် အခြေအနေတွင်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

( ဆ ) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ (၁၈)ကြိမ်မြောက် အထိ မိမိတို့နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မှုနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ယခု(၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများအား သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က အားကစားအမျိုးအစားအလိုက် တက္ကသိုလ်များ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဇုန်အဆင့်/ဇုန်အလိုက်၊ ဦးစီးအဆင့်သတ်မှတ်၍ အဆင့်တိုင်းတွင် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူ အားကစားသမားများကို ရွေးချယ်ခဲ့ပြီး အားကစားအဖွဲ့ချုပ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် စခန်းသွင်းလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တားမြစ်ဆေးသုံးစွဲမှု စိစစ်ရေးကော်မတီဖွဲ့စည်း၍ အားကစားသမားအားလုံးနှင့် ပြိုင်ပွဲအတွက် တာဝန်ထမ်းဆောင်သူများအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း၊ သက်ဆိုင်ရာကော်မတီများအလိုက် တာဝန်ပေးအပ်၍ ဝန်ကြီးဌာနများမှ ပံ့ပိုးကူညီခဲ့ကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၃။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၄။ အစည်းအဝေးကို ၁၁း၂၃ နာရီ အချိန်တွင် ရပ်နားပြီး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ၁၈-၂-၂၀၁၉ ရက်နေ့ (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**